# ကပ်ဆိုးကြီး ခံရပုံချင်း တူပေမယ့် ကယ်တင် စောင့်ရှောက်ပုံချင်း ကွာခြား

မြန်မာနိုင်ငံမှာ နာဂစ်စ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သွားလို့၊ တရုတ်နိုင်ငံမှာ မြေငလျင်ကြီး လှုပ်ခတ်ခဲ့လို့ လူသန်းပေါင်းများစွာတို့ဟာ ဝမ်းနည်းကြေကွဲဖွယ်ရာတွေ ခံစားနေကြရဆဲပါပဲ။ ဒီလို အဖြစ်ဆိုးတွေကို ဘယ်လိုမျိုး ကြုံတွေ့နေကြရတယ်ဆိုတာ ကမ္ဘာနဲ့အဝှမ်း ထုတ်လွှင့်ပြသနေတဲ့ တီဗီ ဖန်သားပြင်တွေပေါ်မှာ တွေ့မြင်ရပါတယ်။ မြင်ရသူအဖို့ ကိုယ်နဲ့ တိုက်ရိုက် မသက်ဆိုင်သေးသရွေ့ နဲနဲပါးပါးလောက်ပဲ စိတ်ဝင်စားဖို့ ရှိချင်ရှိနေပါမယ်။ ဘေးဒုက္ခဆိုးကြီးနဲ့ တိုက်ရိုက် ကြုံတွေ့လိုက်ရသူတွေအဖို့မှာတော့ ရေတပေါက်လောက် သောက်ရဖို့အရေး၊ တနပ်စာလောက် စားသောက်ရဖို့အရေး၊ အမိုးအကာအောက် ခဏလောက်ဖြစ်ဖြစ် ခိုလှုံနိုင်ဖို့အရေးကို အရင်ဆုံး ဦးစားပေးရပါတယ်။ ထိခိုက်ဒဏ်ရာရသူတွေ၊ နာမကျန်းဖြစ်သူတွေအတွက်လည်း ဆေးဝါးတွေ အချိန်မီရရှိ ကုသခံရဖို့ သိပ်ကို အရေးကြီးလှပါတယ်။

ဒါပေမယ့်လည်း ဒီကပ်ဆိုးတွေအကြောင်းကို မီဒီယာတွေက ဖြစ်ဖြစ်ချင်းမှာပဲ မြန်မြန်ဆန်ဆန် ကျယ်ကျယ်ပြန့်ပြန့် သတင်းပေးပို့ ဖြန့်ချိပေးနိုင်လို့ အတော့်ကို ကောင်းအောင် ကာကွယ်စောင့်ရှောက် ကူညီပေးနိုင်တဲ့ သဘောလည်း ရှိပါတယ်။ တရုတ်ပြည်မှာဆိုရင် မြေငလျင်ဒုက္ခသည်တွေအတွက် ဒေါ်လာသန်းပေါင်းများစွာ အလှူပယ် ပေးကမ်းထောက်ပံ့နေကြပါတယ်။ အများအားဖြင့်ကတော့ တရုတ်စီးပွားရေးနဲ့ ဆက်စပ်နေတဲ့ အသိုင်းအဝိုင်းတွေက လှူဒါန်းကြတာပါ။ မြန်မာနိုင်ငံက လေဘေးဒုက္ခသည်တွေအတွက် ကူညီထောက်ပံ့ဖို့ မေတ္တာရပ်ခံနေတာတွေကတော့ တရုတ်နိုင်ငံလောက် မအောင်မြင်လှပါဘူး။

တရုတ်နိုင်ငံရဲ့ မြေငလျင်အကြောင်း သတင်းပို့တာတွေက အတော့်ကို အားကောင်းလို့ လျင်လျင်မြန်မြန် ကယ်တင် စောင့်ရှောက်ပေးနိုင်နေပါတယ်။ မြန်မာနိုင်ငံထဲမှာတော့ တရုတ်လိုမျိုး လိုက်လုပ်ပေးနိုင်ပုံ မရပါဘူး။ တနေ့တာသာ ကုန်သွားမယ်။ လှူဒါန်းထောက်ပံ့တာတွေဟာ တကယ်တမ်းလိုအပ်နေတဲ့သူတွေဆီကို ရောက်မသွားနိုင်သေးပါဘူး။ ရန်ပုံငွေ စုဆောင်းကောက်ခံနေတဲ့ သတင်းတွေ ထွက်နေတာလောက်ပဲ ရှိနေပါတယ်လို့ မာ့ခ်အက်စ်ထရီတာ (Mark Astarita)က ပြောပြပါတယ်။ သူဟာ ဗြိတိသျှ ကြက်ခြေနီအဖွဲ့က ရန်ပုံငွေ စုဆောင်းကောက်ယူရေးမှာ အကြီးအကဲ ဖြစ်သူပါ။

ငလျင်ဒဏ် အကြီးအကျယ် ခံလိုက်ရတဲ့ တရုတ်နိုင်ငံမှာ အစိုးရက ကမ္ဘာကို မေတ္တာရပ်ခံ အကူအညီတောင်းတော့ နိုင်ငံစုံက ရက်ရက်ရောရော ထောက်ပံ့ကြပါတယ်။ HSBC, Glaxo, Unilever စတဲ့ ကုမ္ပဏီတွေဆိုရင် အမေရိကန်ဒေါ်လာ $1.5 million စီ ပေးကမ်းလိုက်ကြပါတယ်။ BP, Diageo, Citigroup, Goldman Sachs, Merrill Lynch, Pfizer တို့ကလည်း အများကြီး ထောက်ပံ့ကူညီကြပါတယ်။ လှူဒါန်းထောက်ပံ့သမျှအားလုံးဟာ တရုတ်နိုင်ငံ အရေးပေါ် ရန်ပုံငွေထဲကို စနစ်တကျရောက်ရှိမှ သုံးစွဲရတာ ဖြစ်ပါတယ်။

အမှန်တော့ အခုလို ထောက်ပံ့လှူဒါန်းကူညီကြတာတွေဟာ လူသားချင်း စာနာထောက်ထားလိုတဲ့သဘောမျိုး အပြည့်အဝရှိလို့ ပေးကမ်းတာ မဟုတ်ပါဘူးလို့ ကုမ္ပဏီ အကြီးအကဲတွေက ဝန်ခံကြပါတယ်။ တရုတ်နိုင်ငံထဲမှာ သူတို့စီးပွားရေး လုပ်ရတာ ပြေလည်ဖို့ လိုအပ်တာကြောင့် ဖြစ်ပါတယ်။

တချို့ကုမ္ပဏီတွေက မြန်မာနိုင်ငံ လေဘေးဒုက္ခအတွက်လည်း ပေးကမ်း ထောက်ပံ့ကြပါတယ်။ Merrill Lynch ဆိုရင် တရုတ်နဲ့ မြန်မာနိုင်ငံကို ဒေါ်လာ တသန်းစီ ပေးပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက လေဘေးဒုက္ခသည်တွေကို နိုင်ငံတကာက ဝိုင်းဝန်း ပေးကမ်းထောက်ပံ့နိုင်ဖို့အရေးကတော့ မြန်မာအာဏာပိုင်တွေနဲ့ သဘောတူနိုင်ဖို့ အခက်အခဲတွေ အများကြီး ရှိနေတုန်းပါပဲ။

မြန်မာနိုင်ငံမှာ နာဂစ်စ် လေမုန်တိုင်း တိုက်ခတ်ပြီးသွားတာ လွန်ခဲ့တဲ့ နှစ်ပါတ်နီးပါးလောက်ရှိနေပါပြီ။ ဗြိတိန်နိုင်ငံက လေမုန်တိုင်း ထောက်ပံ့ရန်ပုံငွေကို အဲဒီကတည်းကနေ ကောက်ခံနေ

လိုက်တာ ပေါင်စတာလင် (၈)သန်းပဲ ရပါသေးတယ်။

တရုတ်မှာတော့ မြန်မာနိုင်ငံနဲ့ တခြားစီပါပဲ။ တရုတ်နိုင်ငံရဲ့ကြက်ခြေနီအဖွဲ့က ဒေါ်လာ သန်း(၄၀၀)ကျော် ကောက်ခံရရှိပြီးနေပါပြီ။ တရုတ်အစိုးရက အရေးပေါ် ထောက်ပံ့ကူညီငွေကလည်း ဒေါ်လာ သန်း (၅၀၀) ကျော် ရှိနေပါတယ်။

ကပ်ဘေးဒုက္ခဆိုင်ရာ ကျွမ်းကျင်သူတွေ ပြောပြတာကတော့ မြန်မာနိုင်ငံမှာ လူပေါင်း တသိန်း သုံးသောင်း လေးထောင် (၁၃၄၀၀၀)လောက် အသေအပျောက် စာရင်းရှိနေပြီး အိမ်ခြေမဲ့ ဖြစ်ရသူတွေက (၂.၄)သန်းလောက် ရှိနေပါတယ်။ အသက်မသေပဲ ကျန်ရစ်သူ အများအပြားဟာ သစ်ပင်တွေ၊ ပလတ်စတစ် အမိုးအကာတွေအောက်မှာ နေရင်း ဆိုးဝါးတဲ့ ရာသီဥတုဒဏ်ကို ခံနေကြရပါတယ်။ တရုတ်မြေငလျင်ထက်စာရင် မြန်မာလေဘေးဒုက္ခသည်တွေက ပိုမိုကြီးမားတဲ့ ဆုံးရှုံးနစ်နာတယ်လို့ နှိုင်းယှဉ်ပြပါတယ်။

တရုတ်နိုင်ငံမှာတော့ လူပေါင်း (၇၄၀၀၀) လောက် အသေအပျောက် ရှိနေခဲ့ပါတယ်။ လူ ငါးသန်းလောက် အိမ်ခြေမဲ့ ဖြစ်ခဲ့ရပေမယ့် တရုတ်အစိုးရက အိမ်ခြေအဆောက်အဦနဲ့ အခြား လိုအပ်တဲ့ အကူအညီတွေပေးတာ မြန်မာအစိုးရထက် အများကြီး သာလွန်နေပါတယ်။

နာဂစ်စ် လေမုန်တိုင်း ဒုက္ခအတွက် ထောက်ပံ့ကူညီတာတွေ ရှိတယ် ဆိုပေမယ့် အဲဒီလို ထောက်ပံ့ကူညီတာတွေကို မြန်မာအာဏာပိုင်တွေက တားဆီးပိတ်ဆို့နေတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေလို့ လိုအပ်သလောက် ပြည့်ပြည့်ဝဝ ရနိုင်ဖို့ ခက်ခဲသွားရပါတယ်။ အမှန်တော့ ဒီလို ကပ်ဆိုးမျိုးတွေ ကြုံလာရပြီဆိုရင် သတင်းမီဒီယာကို လွတ်လပ်ခွင့် ပေးလိုက်ရပါတယ်။ ဘေးဒုက္ခတွေ ဘယ်လို ကြုံတွေ့နေရပါပြီ ဆိုတဲ့အကြောင်းတွေကို မီဒီယာသမားတွေက ကိုယ်တိုင်ကွင်းဆင်း ရိုက်ကူးတင်ပြလာမှသာ အလှူရှင်တွေက သိနိုင်မှာ ဖြစ်ပါတယ်။ အခြားသူတွေ ဘယ်လိုမျိုး ကူညီနေကြပြီ ဆိုတာလည်း မီဒီယာက တဆင့်သာ သိရှိမြင်တွေ့နိုင်ရတာဖြစ်လို့ သဒ္ဓါပေါက်ပြီး ကူညီထောက်ပံ့လိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံမှာကတော့ အာဏာပိုင်တွေဟာ သတင်းမီဒီယာတွေကို ပိတ်ဆို့ဟန့်တားထားတာတွေရှိနေလို့ ကပ်ဆိုးကြီးရဲ့ဒုက္ခတွေကို အဖြစ်မှန်အတိုင်း အကုန်အစင် မြင်တွေ့ခွင့် မရပါဘူး။ ဒါကို ပြည်တွင်းရော ပြည်ပက အလှူရှင်တွေပါ မကျေမနပ် အားမလို အားမရ ဖြစ်နေကြရပါတယ်။ လေမုန်တိုင်းတိုက်ခတ်အပြီး ရက်ပေါင်း(၂၀)အကြာထိ နိုင်ငံတကာက ထောက်ပံ့ပစ္စည်းတွေကို လေယာဉ်နဲ့ ပေးပို့နေရာမှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့က အကြိမ် (၂၀)၊ ခလေး သူငယ်များ ကယ်တင်ရေး (Save the Children)အဖွဲ့က (၆)ကြိမ်ပဲ ရှိပါသေးတယ်။ ခလေးသူငယ်များ ကယ်တင်ရေးအဖွဲ့ရဲ့ ဝန်ထမ်းတွေကတော့ မုန်တိုင်းဒဏ် အကြီးအကျယ် ခံလိုက်ရတဲ့ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရဲ့ အနောက်ဖက် အစွန်အဖျားထိ ရောက်အောင် သွားရောက်ကူညီနိုင်တာတော့ ရှိနေပါတယ်။

တရုတ်မြေငလျင်ကြီး လှုပ်ခတ်တဲ့နေရာဒေသတွေကို သတင်းထောက်တွေက အတားအဆီးမရှိ သွားရောက်သတင်းယူနိုင်ခဲ့ကြပါတယ်။ လွတ်လွတ်လပ်လပ်လည်း သတင်းပေးပို့ ဖြန့်ချိနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ကမ္ဘာတလွှားက သတင်းစာမျက်နှာတွေမှာ အသက်ရှင်ကျန်ရစ်နေသူတွေကို အပျက်အစီးတွေကြားထဲက သက်စွန့်ဆံဖျား ဆွဲထုတ် ကယ်ဆယ်နေတာတွေ၊ ငလျင်ဒဏ်ကြောင့် ဒဏ်ရာ အနာတရဖြစ်သွားရတဲ့သူတွေကို ဘယ်လို ကယ်ဆယ်ကုသပေးနေကြသလဲဆိုတာတွေ၊ အိမ်ခြေမဲ့-မိဘမဲ့-ခိုကိုးရာမဲ့ ဖြစ်သွားရသူတွေကို ဘယ်လို စောင့်ရှောက်ကျွေးမွေး ကူညီနေကြသလဲဆိုတာတွေကို ရနိုင်သမျှ ပြသနေတာ တွေ့နေရတုန်းပါပဲ။ ဆိုးဝါးလွန်းလှတဲ့ ဘေးဒုက္ခဆိုးကြီးကို လူသားချင်း စာနာစိတ် အပြည့်အဝနဲ့ စုပေါင်းတွန်းလှန် ကာကွယ် စောင့်ရှောက်နေကြတာပါ။

မစ္စတာ အက်စ်ထရီတာက အခုလို ဆက်ပြောပြပါတယ်။ "ညတိုင်းညတိုင်း တီဗီ

သတင်းမှာ သဘာဝဘေးဒုက္ခကြောင့် အကူအညီတွေ သိသိသာသာ လိုအပ်နေတာကို ထင်ထင်ရှားရှား ပြသနေပါတယ်။ ဒုက္ခသည်တွေကို ဘယ်လို စောင့်ရှောက် ကူညီကျွေးမွေးနေတာတွေ မြင်နေရပါတယ်။ ဒီတော့ အလှူရှင်တွေက ပေးကမ်းထောက်ပံ့ကြတာပေ့ါ။"

တရုတ်နိုင်ငံရဲ့ စီးပွားရေးက မြန်မြန်ဆန်ဆန်ကြီးကိုပဲ ကျယ်ပြန့်လာနေတော့ အခုလို သဘာဝဘေးဆိုးကြီးမျိုးကို ကူညီဖို့ နိုင်ငံခြား ငွေရင်းမြှုပ်နှံတဲ့ အလှူရှင်တွေကို ဆွဲဆောင်နေတာလည်း ဖြစ်ပါတယ်။ နိုင်ငံစုံ စီးပွားရေး လုပ်နေတဲ့ ကုမ္ပဏီတွေ ဒါဇင်ပေါင်းများစွာဟာ တရုတ်နိုင်ငံမှာ အခြေစိုက်နေကြတာပါ။ အဲဒီကုမ္ပဏီတွေမှာ နိုင်ငံသား ဝန်ထမ်းအရေအတွက်က အများအပြားရှိနေပါတယ်။ သူတို့ရဲ့ ဖောက်သည်တွေဆိုရင်လည်း သန်းနဲ့ချီပြီး ရှိနေကြပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ဒီမြေလျင်ဘေးဒုက္ခမှာ သူတို့လည်း ကြုံတုန်းကြုံခိုက် ပါဝင်ကူညီပေးကမ်း ထောက်ပံ့နိုင်ခဲ့ကြပါတယ်။

လာမယ့် ဘေးဂျင်းအိုလံပစ်အတွက် မီးရှူးတိုင်ကို တရုတ်နိုင်ငံတွင်းမှာ လက်ဆင့်ကမ်းသယ်ဆောင်နေချိန်မှာပဲ မြေလျင်ကြီး လှုပ်ခတ်သွားတာပါ။ ဒါကြောင့် အိုလံပစ်ကို ထောက်ခံတဲ့ နိုင်ငံခြားကုမ္ပဏီတွေကို ဆန့်ကျင်နေချိန်နဲ့ ငလျင်ဒဏ် ကယ်ဆယ်ရေးလုပ်ငန်းဟာ အလိုလို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားရပါတော့တယ်။ တရုတ်ပြည်တွင်းက နိုင်ငံခြားကုမ္ပဏီတွေဟာ ငလျင်ဘေးအတွက် ထောက်ပံ့ကူညီပေးတဲ့ အခွင့်ကောင်းကို အသုံးချရင်း  သူတို့ရဲ့ဖောက်သည်တွေကို ပြန်လည်ဆက်သွယ် နေကြပါတယ်။ အချို့ဖောက်သည်တွေဆိုရင် နိုင်ငံခြားကုန်ပစ္စည်းတွေကို သပိတ်မှောက်နေကြသူတွေပါ။

GSK ကုမ္ပဏီရဲ့ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတဦးကတော့ သူတို့ကုမ္ပဏီဟာ ဒီနှစ်မြန်မာ ဆိုင်ကလုန်း လေမုန်တိုင်းနဲ့ ပြီးခဲ့တဲ့နှစ် စက်တင်ဘာတုန်းက ဘင်္ဂလာဒက်ရဲ့ ဆိုင်ကလုန်း မုန်တိုင်းအတွက် ပေါင်စတာလင် ငါးသောင်းစီ ထောက်ပံ့ကူညီခဲ့တယ်လို့ ပြောပြပါတယ်။ ဒါပေမယ့် တရုတ်မြေလျင်အတွက် အများကြီး ပိုပြီး ရက်ရက်ရောရော လှူဒါန်းထောက်ပံ့လိုက်တယ်လို့ ဆိုပါတယ်။

"GSK ကုမ္ပဏီဟာ တရုတ်နိုင်ငံထဲမှာ ကာကွယ်ဆေးတွေ၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ ပစ္စည်းတွေကို အများအပြား ထုတ်လုပ်ရောင်းချနေတာဖြစ်လို့ ဘေးဒုက္ခအတွက် သူတို့ထောက်ပံ့ လှူဒါန်းတာတွေနဲ့ တရုတ်ပြည်သူတွေကို ကူညီရတာတွေကနေ အကျိုးအမြတ် ဖြစ်ထွန်းရပါတယ်"လို့ သူမက ဆက်ပြောသွားပါတယ်။

"ကျမတို့ကုမ္ပဏီက မြန်မာဒုက္ခသည်တွေအတွက် နည်းနည်းပဲ ပေးကမ်း ထောက်ပံ့နိုင်ခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံက ကျမတို့ ဈေးကွက် မဟုတ်တာနဲ့ မဆိုင်ပါဘူး။ မြန်မာနိုင်ငံထဲမှာ ကယ်ဆယ် ထောက်ပံ့ရေးတွေကို ခက်ခက်ခဲခဲ လုပ်နေရတဲ့ အခြားအဖွဲ့အစည်းတွေ အပေါ်မှာ မလွှမ်းမိုးချင်လို့သာ ဖြစ်ပါတယ်"လို့ သူမက အကြောင်းပြသွားခဲ့ပါတယ်။

HSBC ကုမ္ပဏီက ပြောရေးဆိုခွင့်ရှိသူကတော့ သူတို့ဟာ တရုတ်ပြည်ကို ရက်ရက်ရောရော ဘာကြောင့်လှူဒါန်းရတယ်ဆိုတာကို ရှင်းပြဖို့ ငြင်းဆိုသွားပါတယ်။ သူတို့ ကုမ္ပဏီဟာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး ရှည်ကြာခိုင်မာတဲ့အကြောင်းကိုပဲ ပြောသွားပါတယ်။ HSBC ဟာ မြန်မာနိုင်ငံ လေဘေးအတွက် အခုအချိန်ထိ ဒေါ်လာ ၆၂၈၀၀ ထောက်ပံ့ခဲ့ပြီး ဖြစ်ပါတယ်။ ဘင်္ဂလာဒက်ရဲ့ လေဘေးတုန်းက ဒေါ်လာ ၁၄၅၀၀ လှူဒါန်းခဲ့ဖူးပါတယ်။

တရုတ်နိုင်ငံကနေ နိုင်ငံစုံ စီးပွားရေးလုပ်နေတဲ့ နောက်ထပ် ကုမ္ပဏီတခုကတော့ တရုတ် ငလျင်ဘေးဒုက္ခအတွက် ဒေါ်လာ တသန်း လှူဒန်းခဲ့ပါတယ်။ အမှုဆောင်အရာရှိချုပ် ဖြစ်တဲ့ Brendan Gormley က အခြားသူတွေထက် ပိုပြီး ရိုးရိုးသားသား ရှင်းပြသွားပါတယ်။

"တရုတ်နိုင်ငံမှာ လုပ်ရတဲ့ စီးပွားရေးတွေက လုပ်ငန်းကြီးတွေပါ။ ဒီတော့ ကုမ္ပဏီတွေဟာ လုပ်သင့်လုပ်ထိုက်တာ လုပ်နေတာပဲလို့ တရုတ်အစိုးရက သဘောပေါက် နားလည်သွားနိုင်ဖို့က အရေးကြီးပါတယ်။ ကုမ္ပဏီတိုင်း ဒီလိုပဲ လုပ်ကြပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံမှာ လာရောက်

စီးပွားရေး လုပ်ရတဲ့အခါမှာ တရုတ်အစိုးရက မေတ္တာ မရပ်ခံမီ အကူအညီ အရင်ပေးထားဖို့ အရေးကြီး ပါတယ်။ ဒါဟာ ယဥ်ကျေးမှုတရပ် ပါပဲ။ တရုတ်ဟာ အကူအညီပေးပါလို့ မရမက တောင်းချင်တဲ့ နိုင်ငံ မဟုတ်ပါဘူး။"

ဘေးဒုက္ခ အရေးပေါ် ကော်မတီကတော့ မြန်မာ့လေဘေး ဒုက္ခအတွက် အကူအညီ မပေးသေးပဲ စောင့်ကြည့်နေပါတယ်။ မြန်မာ့လေဘေးဒုက္ခကို ဘယ်လောက်များများ စိတ်ဝင်စားလာတဲ့အပေါ် မူတည်တယ်လို့ ဆိုပါတယ်။ အားမနာတမ်း၊ ပြတ်ပြတ်သားသား ပါပဲ။

မြန်မာ့လေဘေးဒုက္ခအတွက် ပေးကမ်းထောက်ပံ့လိုက်တာတွေဟာ ဒုက္ခသည်တွေဆီကို အမှန်တကယ် ရောက်ရှိသွားပါ့မလား ဆိုတာ သိနိုင်ဖို့ ခဲယဥ်းတယ်လို့လည်း Brendan Gormley က ဝန်ခံပြောဆိုသွားပါတယ်။

"မြန်မာဒုက္ခသည်တွေ ဘယ်လောက်များများ သေကြေဒဏ်ရာရ ဆုံးရှုံးရတာတွေ၊ အကူအညီတွေ ဘယ်လိုရနေကြသလဲ ဆိုတာတွေကို သက်သေပြနိုင်မယ့် ဓါတ်ပုံတွေက မရှိတော့ အခုထိကို ပေးကမ်းထောက်ပံ့ဖို့ ခက်ခဲနေရပါတယ်။ ဒါဟာ မြန်မာ့ဘေးဒုက္ခမှာ နိုင်ငံရေးက လွှမ်းမိုးချယ်လှယ်နေလို့ ဖြစ်ပါတယ်။ ကျနော်တို့ဟာ တရုတ်နိုင်ငံမှာ ရှိနေတယ်၊ နောက်ထပ်လည်း အများကြီး ထောက်ပံ့ပေးကမ်းနိုင်သေးတယ် ဆိုတာကို ဆက်ပြောနေပါမယ်။ ဒါဟာ (မြန်မာနိုင်ငံနဲ့ ပတ်သက်လို့) ကျနော်တို့ လုပ်ပေးနိုင်သမျှ ဖြစ်ပါတယ်။"

**မြန်မာ့လေဘေးဒုက္ခနှင့် တရုတ်မြေငလျင် ကပ်ဆိုးကြီးများအပေါ် တုန့်ပြန်မှုများအား နှိုင်းယှဉ်ခြင်း**

| | တရုတ် | မြန်မာ |
|---|---|---|
| ကပ်ဆိုးကြီး အမျိုးအစား | မြေငလျင် | လေမုန်တိုင်း |
| ဖြစ်ပွားသည့်နေ့ | ၂၀၀၈ ခုနှစ် မေလ ၁၂ ရက် | ၂၀၀၈ ခုနှစ် မေလ ၂ ရက် |
| လူအသေအပျောက်နှင့် အိမ်ခြေမဲ့ | လူအသေအပျောက် ၇၄၀၀၀ ။ အိမ်ခြေမဲ့ ၅သန်း | လူအသေအပျောက် ၁၃၄၀၀၀ ။ အိမ်ခြေ အပါအဝင် ပစ္စည်းဥစ္စာ အားလုံး ဆုံးရှုံးသူ ၂.၄ သန်း |
| နိုင်ငံခြား သတင်းမီဒီယာ | အတားအဆီးမရှိ လွတ်လပ် | တားမြစ်ပိတ်ပင်ခံရ |
| ထောက်ပံ့ ငွေကြေး | တရုတ်အစိုးရမှ ဒေါ်လာ သန်း ၅၀၀ နှင့် တရုတ် ကြက်ခြေနီမှ ဒေါ်လာ သန်း ၄၀၀၊ ကုလသမဂ္ဂ မှ ဒေါ်လာ ၈ သန်း | မြန်မာအစိုးရက လေဘေးဒုက္ခအတွက် ဒေါ်လာ ၂ သန်း သုံးစွဲပြီးဟုပြော။ ဘေးဒုက္ခ အရေးပေါ် ကော်မတီမှ ပေါင်စတာလင် ၈ သန်း၊ ဗြိတိန်မှ ဒေါ်လာ ၁၀ သန်း၊ ကုလသမဂ္ဂမှ ဒေါ်လာ ၁၀ သန်း၊ ဂျပန်မှ ဒေါ်လာ ၁၀ သန်း၊ အမေရိကန်မှ ဒေါ်လာ ၃ သန်း၊ ပြင်သစ်မှ ဒေါ်လာ ၃ သန်း၊ ဩစတြေလျမှ ဒေါ်လာ ၂.၈ သန်း ထည့်ဝင်လှူဒါန်းကြမည်ဟု ကတိပြုထား |
| ထောက်ပံ့ပစ္စည်းနှင့် အကူအညီ | | နအဖ စစ်အစိုးရက နိုင်ငံခြား ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများအား ပိတ်ပင်တားမြစ်ထားခြင်းမှ လျှော့ပေါ့ ခွင့်ပြုပြီး နောက်ပိုင်း ကုလသမဂ္ဂ ရဟတ်ယာဉ် |

| | | |
|---|---|---|
| | | များဖြင့် World Food Programme မှ စားစရာနှင့် သောက်ရေ ပြတ်လတ်နေသည့် လူပေါင်း ခုနစ်သိန်းခွဲအနက် ၂၁၂၀၀၀ ထံသို့သာ ပေးပို့နိုင်ခဲ့ပြီး။<br>ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ ကယ်ဆယ်ရေး ပစ္စည်းများကို လေယာဉ်ဖြင့် အကြိမ် (၂၀) နှင့် Save the Children အဖွဲ့မှ (၆)ကြိမ် ပေးပို့ခဲ့ပြီး။<br>Save the Children အဖွဲ့ဝင်များက ဒုက္ခသည် ၁၆၀၀၀၀ ထံ သွားရောက် ကူညီခဲ့ပြီး။ |
| ပြန်လည်နေရာချထားရေး | ယာယီအိုးအိမ် ၂၅၀၀၀၀ ဆောက်လုပ်နေ။ ရွက်ဖျင်တဲ ၂၈၀၀၀၀ ပေးပို့ပြီး။ ရွာပေါင်း ၂၅၀ သို့ ကူးစက်ရောဂါ တားဆီးရေး ဝန်ထမ်း ၅၀၀၀ စေလွှတ်ပြီး။ | |
| နိုင်ငံတကာ ကယ်ဆယ် ကူညီရေး အလုပ်သမား | ရာပေါင်းများစွာ ရောက်ရှိနေ | |
| အမေရိကန် အကူအညီ | ဆည်မြောင်း၊ တာတမံ၊ လမ်း နှင့် တံတားများကို စစ်ဆေး ကြည့်ရှုရန် ဂြိုဟ်တုမှ ရိုက်ယူသည့် ဓါတ်ပုံများကို တရုတ် အစိုးရသို့ ပေးခဲ့ | ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ သယ်ဆောင်လာသည့် အမေရိကန် စစ်သင်္ဘောအား မြန်မာ့ရေပိုင်နက် အတွင်း ဝင်ရောက်ခွင့် မေတ္တာရပ်ခံချက် ပယ်ချခံရ |
| စုံစမ်းစစ်ဆေးရေး | ပုဂ္ဂလိက အဆောက်အဦများ ညံ့ဖျင်းစွာ တည်ဆောက်ထားခြင်း ဟုတ်မဟုတ် စစ်ဆေးနေ | |

မူရင်းဆောင်းပါး - Burma victims lose aid battle as cash flows into China on a flood of sympathy

ဆောင်းပါးရှင်များ - Rosemary Bennett and Jane Macartney in Chengdu

ဆောင်းပါး ဖြန့်ချိရာ မူရင်းနှင့် အချိန် - The Times, May 22, 2008

အင်တာနက်စာမျက်နှာ

http://www.timesonline.co.uk/tol/news/world/asia/article3981457.ece

မြန်မာဘာသာပြန်သူ - လွင်အောင်စိုး (၂၅ မေလ ၂၀၀၈)

မှတ်ချက်၊ နှိုင်းယှဉ်ချက် ဇယားပါ လူအသေအပျောက်၊ ထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းစာရင်းတို့မှာ မူရင်းစာရေးသူတို့က မေလ (၂၂)ရက် မတိုင်မီအထိ သူတို့ လက်လှမ်း မီသလောက် တွေ့ရှိလေ့လာ မှတ်သားမိသမျှသာ ဖြစ်ပါလိမ့်မည်။